ဘာသာပြန် စာရေးဆရာ - ညီညီစိုး



# အဆုံးမဲ့ ဓားကျွ

## (ယန်ယဲ့)

(Chapter 2538 - 2552)

စာစဉ် - ၁၇၀

# အပိုင်း ၂၅၃၈
# လာပါ။ တိုက်ခိုက်ကြရအောင်

*

သဘာဝခန်းမက လုံးဝတိတ်ဆိတ်သွားသည်။

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့နှင့် ဗုဒ္ဓလမ်းစဉ်ကို စစ်ကြေညာမယ် ။

ဗုဒ္ဓလမ်းစဉ်ကို ဘေးဖယ်ထားလျှင်ပင် မျိုးနွယ်ခြားမဟာမိတ်အဖွဲ့က လူသားမျိုးနွယ်ကို ချေမှုန်းရန် လုံလောက်သည်ဟု ဆိုသင့်သည်။ ဗုဒ္ဓလမ်းစဉ်ကတော့ ပြောနေစရာပင်မလိုပေ။ ဗုဒ္ဓဖန်ဆင်းရှင် တစ်ပါးတည်းဖြင့် လူသားကမ္ဘာတစ်ခုလုံးအား ဖျက်ဆီးပစ်နိုင်၏။

လူသားမျိုးနွယ်၏ အုပ်ချုပ်သူအသစ်ဖြစ်လာသည့် ယန်ယဲ့က ရဲတင်းလွန်းသည်မဟုတ်ပါလား။

လင်းကျန်း ပင်လျှင် ယန်ယဲ့က အနည်းငယ်လွန်လွန်းသွားပြီဟု ခံစားမိသည်။

ယန်ယဲ့ က လူတိုင်းကို တစ်ချက်ကြည့်လိုက်ပြီး "မင်းတို့အားလုံး ငါရူးနေပြီထင်တာ မဟုတ်လား" ဟုပြောလိုက်သည်။

လူတိုင်း တိတ်တိတ်ဆိတ်ဆိတ်နေခဲ့ကြသည်။

ယန်ယဲ့ က တိုးတိုးလေး သက်ပြင်းချလိုက်ပြီး "ငါတို့လူသားမျိုးနွယ်ဟာ အခုအချိန်မှာ ဘယ်အရာက အလိုအပ်ဆုံးလဲဆိုတာ မင်းသိလား"

အားလုံးက ယန်ယဲ့ကို စိုက်ကြည့်နေကြသည်။

"သတ္တိပဲ..." ယန်ယဲ့က ဆက်ပြောသည် "အခုအချိန်မှာ ငါတို့လူသားမျိုးနွယ်ဟာ သတ္တိမရှိတော့ဘူး။ ဗုဒ္ဓလမ်းစဉ်နဲ့ မျိုးနွယ်ခြားမဟာမိတ်အဖွဲ့ကို ဘာ့ကြောင့် ကြောက်နေရမှာလဲ။ မဟုတ်ဘူး၊ ငါတို့ကို ကြောက်အောင်လုပ်သင့်တယ်။ ငါတို့က သူတို့ကို မကြောက်ဘူးဆိုပြီး စစ်ကြေညာမယ်။ သူတို့တိုက်ချင်ရင် အဆုံးထိ တိုက်မယ်။ ပွင့်ပွင့်လင်းလင်းပြောခွင့်ပြုပါ၊ ငါတို့က သူရဲဘောကြောင်ရင် ငါတို့ကို ပြန်တိုက်ခိုက်လာလိမ့်မယ်။ စစ်ကြေငြာပြီးတာနဲ့ သူတို့က ငါတို့ကို တိုက်ခိုက်နေတုန်းပဲ။ ဒါပေမယ်လို့ ငါတို့မှာရှိတဲ့ စိတ်ဓာတ်နဲ့ ခံနိုင်ရည်ရှိတဲ့ စရိုက်က လုံးဝကို ကွဲပြားသွားလိမ့်မယ်။ ဘာလို့လဲဆိုတော့ ငါတို့က သူတို့ကို အရင်ဆုံးစစ်ကြေညာလိုက်တာ"

သူက လူတိုင်းထံ လျှောက်လာကာ "ငါတို့ လူသားမျိုးနွယ်က အခုအချိန်မှာ စိတ်ဓာတ် အားနည်းနေတော့ လုပ်ရဲကိုင်ရဲတဲ့သတ္တိ လိုအပ်နေတယ်။ ဘယ်အဖွဲ့အစည်းကိုမဆို တိုက်ခိုက်ရဲတဲ့ စိတ်ဓာတ်မျိုးလိုတယ်။ တစ်ချိန်တည်းမှာပဲ ငါတို့လူသားမျိုးနွယ်တစ်ခုလုံးက သူရဲဘောကြောင်သူတွေ မဟုတ်ဘူးဆိုတာ လောကကိုကြေညာလိုက်တာပေ့ါ"

ထိုစကားပြောလိုက်သည်နှင့် ပတ်ဝန်းကျင်က လုံးဝတိတ်ဆိတ်သွားသည်။

ပြောစရာပင်မလိုပေ၊ လူတိုင်း အနည်းငယ်သွေးဆူလာကြသည်။

ယန်ယဲ့ ပြောခဲ့သည့်စကားက အမှန်ပင်ဖြစ်သည်။ သူတို့အပါအဝင် လူသားမျိုးနွယ်တစ်ခုလုံးက မျိုးနွယ်ခြားမဟာမိတ်အဖွဲ့ နှင့် ဗုဒ္ဓလမ်းစဉ်ကို မယှဉ်နိုင်ကြောင်းသာ ခံစားမိခဲ့သည်။ တစ်ဖက်က တိုက်ခိုက်မလာပါစေနှင့်ဟု ဆုတောင်းနေသည်အထိပင်။

မည်သို့နည်း။

လုံးဝကိုကြောက်ရွံ့ပြီး သူရဲဘောကြောင်တဲ့ စိတ်သဘောထား ပင်မဟုတ်

ပါလား။

ဤအချိန်တွင် ယန်ယဲ့ က ထပ်ပြောသည်

"လူတိုင်း မကြောက်မရွံ့တတ်တဲ့ စိတ်ဓာတ်ရှိဖို့ လိုတယ်။ မျိုးနွယ်ခြားမဟာမိတ်အဖွဲ့၊ ဗုဒ္ဓလမ်းစဉ်နဲ့ အရိပ်ထဲမှာ ပုန်းနေတဲ့ အဖွဲ့အစည်း အားလုံးကို ငါတို့က အားနည်းရင်တောင် သတ္တိရှိရှိ တွန်းလှန်ဖို့ လိုတယ်"

ထိုစကားပြောပြီးသည်နှင့် လှည့်ထွက်သွားသည်။

ယန်ယဲ့ ထွက်သွားပြီးနောက် ခန်းမသည် အလွန်တိတ်ဆိတ်သွားခဲ့သည်။

လင်းကျန်း က ရုတ်တရက်စကားစလိုက်သည် "ငါတို့တွေ အသက်ကြီးလာလို့ သွေးဆူတာမျိုး ဆုံးရှုံးသွားပါပြီ"

အားလုံးတိတ်ဆိတ်သွားကြသည်။

လင်းကျန်း က စောစောကပြောလိုက်သော အဘိုးကြီးအား စိုက်ကြည့်ရင်း "အကြီးအကဲမူ၊ မင်းဘယ်လိုထင်လဲ"

ထိုအဘိုးကြီးက အတော်ကြာအောင် ဆိတ်ဆိတ်နေပြီးမှ "သူပြောတာမှန်ပါတယ်။ အဲဒါကို လိုအပ်တယ်။ ဒါဆို အစ်ကိုလင်းကျန်း၊ ကျေးဇူးပြုပြီး စစ်ကြေငြာလိုက်ပါ"

လင်းကျန်း က ခေါင်းညိတ်ပြီး "ဒါဆို ငါတို့တွေ စစ်ပွဲစလိုက်ကြတာပေါ့"

ထို့နောက်တွင်တော့ လူသားမဟာမိတ်အဖွဲ့ ထံမှ မျိုးနွယ်ခြားမဟာမိတ်အဖွဲ့နှင့် ဗုဒ္ဓလမ်းစဉ်ကို စစ်ကြေညာချက် ထွက်ပေါ်လာခဲ့သည်။

ဤသတင်း ပြန့်နှံ့လာသည်နှင့်တပြိုင်နက် လောကသုံးပါးတစ်ခုလုံး တုန်လှုပ်သွားသည်။ လူသားကမ္ဘာတစ်ခုလုံးသည်လည်းဆူညံသံများဖြင့် ပြည့်နှက်နေသည်။ တချို့က ယန်ယဲ့ဟာ ဘောရှိသည်။ အချို့ကတော့ ဦးနှောက်မရှိဟု ပြောကြသည်ယ သို့သော်လည်း မည်သို့ပင်ဖြစ်စေ

စစ်ကြေညာချက်ကတော့ ပြန့်သွားလေပြီ။

လူသားမဟာမိတ်အဖွဲ့မှ ရုတ်တရက် စစ်ကြေညာလိုက်သောကြောင့် မျိုးနွယ်ခြားမဟာမိတ်အဖွဲ့ ဟာ ကြောင်အသွားကြသည်။

အကြောင်းအရင်းက လူသားမျိုးနွယ်အနေဖြင့် စစ်ပွဲစဖို့ မမျှော်လင့်ထားလို့ပါ။

လူသားမျိုးနွယ်က အသက်ရှင်ရတာ ငြီးငွေ့နေပြီလား။

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့မှ မရေတွက်နိုင်သောလူများ ထိုအတွေးမျိုးရှိသော်လည်း ယခုအချိန်တွင် လူသားမျိုးနွယ်အား မတိုက်ခိုက်ရဲကြပေ။ ၎င်းက နတ်မျိုးနွယ်ကြောင့် မဟုတ်ဘဲ၊ အခြားအကြောင်းရင်းတစ်ခုလည်း ရှိနေပြန်သည်။ အဓိကကတော့ လူသားမျိုးနွယ်မှာ အထွတ်အထိပ်ကျင့်ကြံသူ ၂ယောက် ရှိနေသောကြောင့်ပင်။

ယန်ယဲ့ နှင့် အန်နန်ကျင်း

နှစ်ယောက်စလုံးက အလယ်အလတ်စျာန်သခင်များသာ ဖြစ်သော်လည်း မျိုးနွယ်ခြားမဟာမိတ်အဖွဲ့ အနေဖြင့် လျှော့မတွက်ဝံ့ပေ။ အကြောင်းမှာ ထိုနှစ်ယောက်က မျိုးနွယ်ခြားမဟာမိတ်အဖွဲ့ကို အကြီးအကျယ်ဆုံးရှုံးသွားအောင် လုပ်ဆောင်ထားလို့ပါ။

မျိုးနွယ်ခြားမဟာမိတ်အဖွဲ့ ဟာ ထိုနှစ်ယောက်ကို တပြိုင်နက်တည်း ဖယ်ရှားနိုင်ခြင်းမရှိပါက သူတို့ကို မပြောဘဲ ဗုဒ္ဓလမ်းစဉ်သည်ပင် ကလဲ့စားချေခြင်းကို ခံနိုင်ရည်ရှိမည်မဟုတ်ပေ။

မှန်သည်၊ မျိုးနွယ်ခြားမဟာမိတ်အဖွဲ့ က အဖွဲ့ဝင်များ စိတ်ဓာတ်ပျက်ပြားသွားမည်ကိုမလိုလားပေ။ ချက်ချင်းတုံ့ပြန်ခဲ့ကြသည်။ လူသားမျိုးနွယ်ကို ပစ်မှတ်ထားတိုက်ခိုက်ရန် စတင်လိုက်ကြသည်။ မျိုးနွယ်ခြားမဟာမိတ်

အဖွဲ့၏ မည်သူမဆို လူသားကမ္ဘာအား ဝင်ရောက်ခြင်းမှတားမြစ်ထားသည်။ သို့မဟုတ် ၎င်းတို့အား သေဒဏ်ချမှတ်ခြင်းခံရမည်ဖြစ်သည်။

…

သဘာဝမြင့်မြတ်နယ်မြေ ။

ခန်းမထဲမှထွက်လာပြီးနောက် အန်နန်ကျင်းဆီကို လျှောက်သွားကာ "ငါတို့ဘယ်သွားမလို့လဲ"ဟုမေးလိုက်သည်။

"ငါနဲ့အတူလိုက်လာခဲ့" အန်နန်ကျင်းက ထိုစကားသာပြောပြီး ကောင်းကင်ယံသို့ ပျောက်ကွယ်သွားသည်။

"မင်းငါ့ကိုပြောဖို့ငြင်းနေတုန်းလား" ယန်ယဲ့ က ခေါင်းယမ်းလိုက်ပြီး သူမနောက်ကို လိုက်သွားသည် ။

အဆုံးမဲ့ကြယ်တာရာကောင်းကင်ပြင်…

ဤအချိန်တွင် ယန်ယဲ့ နှင့် အန်နန်ကျင်း တို့ဟာ ဘေးချင်းယှဉ်လျက် ပျံသန်းနေကြသည်။ ၁ ရက်ကြပြီးနောက်တွင် အန်နန်ကျင်း က ရုတ်တရက် ရပ်တန့်သွား၏။ ဤအချိန်မှာ သူတို့နှစ်ယောက်က အမည်မသိဂြိုဟ်တစ်ခုပေါ်သို့ ဆင်းလာကြသည်။

ယန်ယဲ့ က ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ရာ သက်ရှိအရိပ်အယောင်ကို မတွေ့လိုက်သဖြင့် အနည်းငယ်မျက်မှောင်ကြုတ်လိုက်သည်။

သူက အန်နန်ကျင်း ကို စိုက်ကြည့်နေသည်။ သို့သော် စကားတစ်ခွန်းမှ မပြောဘဲ ရှေ့သို့သာ လျှောက်သွားခဲ့သည်။

အချိန်တော်တော်ကြာပြီးနောက် ရပ်သွား၏။

ယန်ယဲ့ လည်း ရှေ့ကို မျှော်ကြည့်လိုက်ရာ ခပ်လှမ်းလှမ်းတွင် အိမ်အို

တစ်လုံး

တွေ့လိုက်ရသည်။ အိမ်က မြက်ပင်များဖြင့် ဆောက်လုပ်ထား၏။ သိပ်ပြီး မကြီးမားပေ။ တစ်ယောက်တည်း နေထိုင်ရင်တော့ ပျော်စရာကောင်း ပါသည်။

ယန်ယဲ့ က "ဒီနေရာက ဘာလဲ"

အန်နန်ကျင်း က စကားတစ်ခွန်းမှ မပြောသေးဘဲ ထိုနေရာဆီသို့ လျှောက်သွားလိုက်သည်။ ယန်ယဲ့ က ပခုံးတွန့်ပြပြီး နောက်ကနေလိုက်လာ ခဲ့သည်။

ခဏအကြာတွင် မြက်ပင်အိမ်ရှေ့သို့ရောက်လာကြသည် ။ အန်နန်ကျင်း က အိမ်လေးထဲကို လှမ်းကြည့်လိုက်ရာ အထဲမှ ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည် "မင်း သန်မာလာပြန်ပြီ"

ရယ်မောသံများ ထွက်ပေါ်လာသည်နှင့် တပြိုင်နက် အိမ်အိုလေးထဲမှ သက်လတ်ပိုင်းအမျိုးသားတစ်ဦး ထွက်လာခဲ့သည်။

သူ၏မျက်နှာက အမှိုက်သရိုက်များပေပွနေကာ ဖျင်ကြမ်းဝတ်စုံကို ဝတ်ဆင်ထား၏။ အဝတ်အစားက ညစ်ပတ်နေပုံရသော်လည်း သူ့ထံမှ မြင့် မြတ်သောအရှိန်အဝါများ ထွက်ပေါ်နေသည်။

သို့သော် ထိုလူသာ သေမျိုးကမ္ဘာတွင် ရှိနေပါက သစ်ခုတ်သမားတစ်ဦး ကဲ့သို့ ထင်ရပေမည်။

မှန်သည်၊ ယန်ယဲ့က ထိုလူကို သစ်ခုတ်သမားဟုတော့ မထင်မိပေ။ အန် နန်ကျင်း က မည်မျှထိ မောက်မာထောင်လွှားသနည်း။ သူမကို ဦးညွှတ်စေ လိုသောကြောင့် ထိုလူက သာမန်မဟုတ်တန်ရာ။

သက်လတ်ပိုင်းအဘိုးအိုက အန်နန်ကျင်း ဆီသို့ လျှောက်လာသည်။

ထို့နောက် အနည်းငယ် ခေါင်းညိတ်ပြကာ "တကယ်တော့ မဆိုးပါဘူး။ မင်းရဲ့ ပင်ကိုယ်စွမ်းရည်က အရမ်းကောင်းတယ်၊ ငါ့ထက် နည်းနည်းပဲနိမ့်ကျတယ်။ ဟားဟား..."

ယန်ယဲ့က သူ့မျက်နှာပေါ်တွင် ထူးဆန်းသော အမူအရာ ရှိနေသည်။ အန်နန်ကျင်း၏ ပင်ကိုယ်စွမ်းရည်သည် မည်မျှ ကြောက်စရာကောင်းသနည်း။

သို့သော် သက်လတ်ပိုင်း၏ ပင်ကိုယ်စွမ်းရည်က သူ့ထက်သာလွန်နေသလား။

ဤအချိန်တွင် အန်နန်ကျင်း က ယန်ယဲ့ကိုလှည့်ကြည့်ကာ "သူ အမှန်အတိုင်းပြောတာ"

ယန်ယဲ့ က ဘာပြောရမှန်းမသိတော့ပေ။

ဤအချိန်တွင် သက်လတ်ပိုင်းအအမျိုးသားက ယန်ယဲ့ကို စိုက်ကြည့်လာသည်။ သူက ခေါင်းခါကာ "မင်းရဲ့ ပင်ကိုယ်စွမ်းရည်က သူ့ထက်စာရင် အများကြီး ယုတ်ညံ့တယ်"

ယန်ယဲ့၏မျက်နှာက မည်းမှောင်သွားသည်။ ဤအတောအတွင်း သက်လတ်ပိုင်း အမျိုးသားက "ဒါပေမဲ့ မင်းမှာ သူ မပိုင်ဆိုင်တဲ့အရာတစ်ခု ရှိတယ်။ ဒါက မင်းရဲ့စရိုက်ပဲ။ မင်းရဲ့ ရက်စက်တဲ့ စရိုက်။ သူတစ်ပါးအပေါ် ရက်စက်ယုတ်မာတာက လူတိုင်း လုပ်နိုင်တယ်ဆိုပေမဲ့ ကိုယ့်ကိုယ်ကို ရက်စက်တာကျတော့ ဒီလောကမှာမရှိသလောက်ပဲ။ ဒီလိုလုပ်နိုင်တဲ့သူဟာ ဘယ်တော့မှ ပျော့ညံ့မှာမဟုတ်ဘူး"

ယန်ယဲ့ က "အကြီးအကဲ၊ မင်းကဘယ်သူလဲ" ဟုမေးသည်။

သက်လတ်ပိုင်းအမျိုးသားက ပြုံးပြီး "သူမမပြောဘူးလား"

ယန်ယဲ့ က ခေါင်းယမ်းလိုက်သည်။

သက်လတ်ပိုင်းအဘိုးအိုက ပြုံးပြီး "လာပါ ဆိတ်ကြီးတစ်ကောင်ကို ကင်ပြီးသွားပြီ။အတူတူစားရအောင်"

ထိုစကားပြောပြီးသည်နှင့် မြက်ပင်အိမ်ထဲကို ဝင်သွားသည်။

အန်နန်ကျင်း က ယန်ယဲ့ကို စိုက်ကြည့်ရင်း "အတူတူဝင်စားလိုက်"

ယန်ယဲ့က ဘာပြောရမှန်းမသိဖြစ်နေသည်။

အိမ်လေးထဲကို ဝင်လာသည်နှင့် တပြိုင်နက် မွှေးရနံ့တစ်ခု သူတို့နှာခေါင်းထဲသို့ ဝင်လာသည်။ အိမ်တွင်းပိုင်းက သိပ်မကြီးလှပေ၊ အထဲမှာ ကုတင်တစ်လုံးသာ ရှိသည်။ ကုတင်ဘေးနားတွင် မီးဖိုထားကာ ရွှေရောင်သမ်းနေသော ဆိတ်တစ်ကောင်ကို မီးကင်နေသည်။

ဆိတ်ကင်မှ မွှေးပျံ့လာသည် ။

သက်လတ်ပိုင်းအဘိုးအိုက ဆိတ်ပေါင်ခြောက်တစ်ဖက်ကို ဆုတ်ဖြဲပြီးနောက် ကိုက်ဝါးလိုက်သည်။ ထို့နောက် ပလုပ်ပလောင်းဝါးစားကာ ပါးစပ်ထောင့်က ပေကျံနေသော အဆီများကို သုတ်လိုက်သည် "စားကြ..."

အန်နန်ကျင်း က ဆိတ်ပေါင်ခြောက်တစ်ဖက်ကို ဆွဲဖြုတ်လိုက်ပြီး ယန်ယဲ့ဆီပစ်ပေးလိုက်သည် "စားလိုက်"

ယန်ယဲ့က မငြင်းဘဲ စားလိုက်ရုံသည်။ ပြောစရာပင်မလိုပေ၊ အရသာအလွန်ကောင်းလှသည်။ သုံးယောက်သား ဆိတ်ကင်ကိုဖဲ့စားနေရင်း အတော်ကြာအောင် တိတ်ဆိတ်သွားကြသည်။

အချိန်အတော်ကြာပြီးနောက် သက်လတ်ပိုင်းအဘိုးအိုက လက်မှာပေကျံနေသော ဆီများကို သုတ်ပြီး "မင်း အကြောင်းတစ်ခုခုကြောင့် လာတာမဟုတ်လား" ဟု မေးလိုက်သည်။

အန်နန်ကျင်း က ခေါင်းညိတ်ပြီး "ငါတို့ ပိုသန်မာချင်တယ်"

သက်လတ်ပိုင်းက "ကျင့်ကြံတာက မြန်တိုင်းကောင်းတဲ့အရာမဟုတ်ဘူး"

အန်နန်ကျင်း က "သင့်တော်တဲ့နည်းလမ်းရှာရမှာပေါ့"

သက်လတ်ပိုင်း အဘိုးအိုက ခေါင်းခါပြီး "မင်း..."

သူက ယန်ယဲ့ကို စိုက်ကြည့်ပြီး "သူက ဓားကိုသုံးတဲ့အတွက် ငါတို့က လမ်းကြောင်းမတူဘူး"

အန်နန်ကျင်း က "နည်းလမ်းရှာပေးပါ"

သက်လတ်ပိုင်းက စကားမပြောနိုင်တော့ပေ။ ယန်ယဲ့ လည်း အတူတူပင်။

ခဏအကြာတွင် သက်လတ်ပိုင်းအဘိုးအိုက "သိုင်းတာအိုလား ဓားတာအိုလား ဘာပဲဖြစ်ဖြစ် အဆင့်တစ်ဆင့်ပြီးတစ်ဆင့် လုပ်ရမှာပဲ။ ဒီလိုမှသာ အခိုင်မာဆုံးနဲ့ လက်တွေ့ကျလိမ့်မယ်။ ဟုတ်ပါတယ်၊ အခုအချိန်ဟာ သာမန်အချိန်မဟုတ်မှန်း ငါသိပါတယ်"

သူက မတ်တပ်ထရပ်ပြီး "မင်းကို မြန်မြန်ကြီးထွားအောင် ငါမကူညီနိုင်ဘူး။ ဒါပေမဲ့ မင်းရဲ့အခြေခံအုတ်မြစ်ကို ပိုခိုင်မာအောင် ငါကူညီပေးနိုင်တယ်"

"ငါတို့ရဲ့အခြေခံအုတ်မြစ်လား" ယန်ယဲ့က "ငါ့အခြေခံအုတ်မြစ်က မခိုင်မာဘူးလား"

"ခိုင်မာလား" သက်လတ်ပိုင်းက ယန်ယဲ့ကို စိုက်ကြည့်ရင်း "လူတချို့နဲ့ ယှဉ်ရင် မဆိုးပါဘူး။ ဒါပေမဲ့ ငါ့အမြင်ကတော့ အမှိုက်ပဲ"

ယန်ယဲ့၏မျက်နှာက ရှုံ့မဲ့သွားသည်။

သက်လတ်ပိုင်းက အန်နန်ကျင်းကို စိုက်ကြည့်ကာ "သူမက မင်းထက် နည်းနည်းလေး ပိုကောင်းပေမယ့် ကဏ္ဍတော်တော်များများမှာ ချို့တဲ့နေတယ်။ ဒါပေမဲ့ ဒါဟာ ပုံမှန်ပါပဲ။ သူ့အသက်အရွယ်မှာ ပိုကောင်းတယ်လို့ မ

ပြောနိုင်ပါဘူး"

အန်နန်ကျင်း က ဆိတ်သားကင်ကို ချလိုက်ပြီး ငြိမ်သွားသည်။

သက်လတ်ပိုင်းက ဆက်ပြောသည် "မင်းတို့နှစ်ယောက်လုံးက လုံးဝ မဆိုးပါဘူး။ တကယ်ပါ။ ဒါပေမဲ့ မင်းတို့နှစ်ယောက်လုံးမှာ တူညီတဲ့ပြဿနာရှိတယ်။ အောင်မြင်မှုတွေ အများကြီးကိုလိုက်စားတယ်။ အထူးသဖြင့် မင်း၊ ယန်ကလန်ရဲ့ ကလေး။ မင်းခန္ဓာကိုယ်နဲ့ ကျင့်ကြံမှုနယ်ပယ်မှာ ပြဿနာတချို့ရှိနေတယ်။ ဒီအတိုင်းသာ ဆက်သွားနေမယ်ဆိုရင် မင်းက ဖန်ဆင်းရှင် မဖြစ်နိုင်တော့ဘူး။ နောက်ဆုံးမှာ မင်းအောင်မြင်ခဲ့ရင်တောင် နှစ်မရေမတွက်နိုင်အောင် အချိန်ယူရလိမ့်မယ်"

ယန်ယဲ့ က သက်လတ်ပိုင်းအဘိုးအိုကို တစ်ချက်ကြည့်လိုက်ပြီး "မင်းက ဘယ်သူလဲ"

သက်လတ်ပိုင်းအဘိုးအိုက ယန်ယဲ့ကို ဆတ်ခနဲခေါင်းခေါက်လိုက်သည်။

သောက်ကျိုးနည်း၊ နာတယ်ဟ ။

ယန်ယဲ့ သည် သူ့နှလုံးသားအား ဓားဖြင့်ထိုးခွဲလိုက်သလိုမျိုးနာကျင်သွားမိသည်။ ထို့ကြောင့် အသံထွက် အော်ဟစ်လိုက်မိသည် ။

သက်လတ်ပိုင်းက "ဘာလဲ၊ ငါ့ရဲ့ အထောက်အထား မပြဘဲ မင်းအကြောင်း ဘာမှ မပြောနိုင်ဘူးလား"

ယန်ယဲ့ က ပါးစပ်ပိတ်သွား၏။

ယန်ယဲ့၏မျက်နှာပေါ်ရှိ မယုံသေးသောအမူအရာကို မြင်သောအခါ သက်လတ်ပိုင်းက "ဘာလဲ၊ မင်းမယုံဘူးလား"

ယန်ယဲ့ က ချက်ချင်းပင် ဒေါသတကြီးအော်လိုက်သည် "ကောင်းပြီ။ တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်ကြရအောင်"

အန်နန်ကျင်း က ငြိမ်နေရာမှ ရုတ်တရက် ပြောလိုက်သည် "သူက ငါ့ဆရာပဲ"

မင်းရဲ့ဆရာ ...

ယန်ယဲ့၏မျက်နှာက ကြည့်ရဆိုးသွားလေသည်။

ဒီအချိန်မှာ သက်လတ်ပိုင်းက သူ့လက်နှစ်ဖက်က ဝတ်ရုံစများကို ဆွဲတင်ကာ "လာ။ တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်ကြရအောင်"

ယန်ယဲ့က မျက်ခွံများ လှုပ်ယမ်းသွားသည်။

***